# မြန်မာဝတ္ထုရှည်များ၏
# ဝတ္ထုဖန်တီးမှုအတတ်ပညာ(၁၉၄၈–၁၉၆၂)

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း


မခင်မြင့်ရီ

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် " မြန်မာဝတ္ထုရှည်များ၏ ဝတ္ထုဖန်တီးမှု အတတ်ပညာ" ( ၁၉၄၈–၁၈၆၂ ) ကိုလေ့လာတင်ပြသော ကျမ်းဖြစ်ပါသည်။ ထိုသို့လေ့လာတင်ပြရာတွင် လွတ်လပ်ရေးခေတ်၌ ပေါ်ထွက်ခဲ့သော ဝတ္ထုအများအပြားရှိသည့်အနက် စေတနာ ရည်ရွယ်ချက် ကောင်းမွန်၍ ထင်ရှားကျော်ကြားသောဝတ္ထုများကို လေ့လာတင်ပြထားပါသည်။ နန္ဒ၏ "သံနှင့်သွေး"၊ တက္ကသိုလ်ဘုန်းနိုင်၏ "သူ့ကျွန်မခံပြီ"၊ သိန်းဖေမြင့်၏ "အရှေ့ကနေဝန်းထွက်သည့်ပမာ"၊ ခင်ဆွေဦး၏ "တို့တိုင်း၌ာနီ"၊ ဂျာနယ်ကျော်မမလေး၏ "မုန်း၍မဟူ"၊ ခင်နှင်းယု၏ "မွေး"၊ အောင်လင်း၏ "အရိုင်းစပယ်"၊ မင်းအောင်၏ "မိုးအောက်မြေပြင်"၊ ဝတ္ထုများမှ စာရေးဆရာတို့၏ ဝတ္ထုဖန်တီးမှုအတတ်ပညာများကို လေ့လာတင်ပြထားပါသည်။ ဤကျမ်းတွင် ဝတ္ထုရှည်၏သဘော၊ သမိုင်းနောက်ခံဝတ္ထု၊ အချစ်၊ အိမ်ထောင်ရေးနှင့် ဘဝသရုပ်ဖော်ဝတ္ထု၊ လယ်ယာမြေစနစ် ပြုပြင်ရေးဝတ္ထု ဟူ၍ ဝတ္ထုအမျိုးအစားအလိုက် အပိုင်းလေးပိုင်း ခွဲထားပါသည်။ သမိုင်းနောက်ခံဝတ္ထုများသည် သီပေါမင်းလက်ထက်နိုင်ငံရေးအခြေအနေကို အခြေခံထားသကဲ့သို့ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလ အခြေအနေကို ထင်ဟပ်ပြထားသော ဝတ္ထု၊ အချစ်အိမ်ထောင်ရေးနှင့် ဘဝသရုပ်ဖော်ဝတ္ထုများတွင် ဇာတ်ဆောင်တို့၏ လူမှုအဖွဲ့အစည်း၊ ပဋိပက္ခများနှင့် မြန်မာ့ယဉ်ကျေးမှုထိန်းသိမ်းရေးကို အခြေခံ၍ ဇာတ်လမ်းဆင်ရေးဖွဲ့ထားသည့်ဝတ္ထု၊ လယ်ယာမြေစနစ် ပြုပြင်ရေးဝတ္ထုတွင် လူတန်းစားတို့၏ ဘဝအခြေအနေကွာခြားမှုမှတစ်ဆင့် ဆိုရှယ်လစ်စနစ်ကို ဦးတည်၍ ဇာတ်လမ်းဆင်ထားသော ဝတ္ထုများကို တင်ပြထားပါသည်။ "မြန်မာ့ဝတ္ထုရှည်များ၏ ဝတ္ထုဖန်တီးမှုအတတ်ပညာ ( ၁၉၄၈–၆၂ )" ကို လေ့လာခြင်းဖြင့် လွတ်လပ်ရေးခေတ်တွင် ထင်ရှား၍ လူကြိုက်များခဲ့သော အမျိုးအစားမတူသည့် ဝတ္ထုရှည်၏ ရည်ရွယ်ချက်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ၊ ပြောစကား၊ ရေးဟန်၊ ရှုထောင့်တို့၏ ဖန်တီးမှု အတတ်ပညာများကို သိရှိနိုင်မည် ဖြစ်ပါသည်။ မြန်မာဝတ္ထုရှည် စာရေးဆရာတို့၏ အနုပညာရသမြောက်သော ဖန်တီးမှု အနုပညာစွမ်းရည်များကို လေးစားဖွယ် တွေ့ရှိနိုင်မည်ဖြစ်ပါသည်။